**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**

စာအမှတ် ၊ စကာ - ၄၃/၂-၄(၈)/ ၂၀၂၄ (၁၂၉၁)
ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်

သို့

နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

---

အကြောင်းအရာ ။ သတ်မှတ်ရည်ညွှန်းဈေးနှုန်းများဖြင့် ရောင်းချနိုင်ရေးကိစ္စ

ရည် ညွှန်း ချက် ။ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ ၂၆-၆-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ စအ/ကသမ(ဈပက)(၂၀၁၄/၂၀၂၄)

၁။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဦးတည်လျက် အခြေခံစားသောက်ကုန်များ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ ပြည်သူများ လွယ်ကူလွတ်လပ်စွာ ဝယ်ယူစားသုံးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဇွန်လအတွက် သင့်တင့်မျှတသော ဆန်ဈေးကွက်ဈေးနှုန်းနှင့် Consumer Packaging ဖြင့် ရောင်းချမှုများအတွက် သင့်တင့်မျှတသောဆန်ဈေးကွက်ဈေးနှုန်းများအား ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

နောက်ဆက်တွဲ(က)၊ (ခ)

၂။ သို့ဖြစ်ပါ၍ စားသုံးသူရေးရာဦးစီးဌာနက ထုတ်ပြန်ထားသော ၂၀၂၄ ခုနှစ်၊ ဇွန်လအတွက် သင့်တင့်မျှတသည့် ဆန်ဈေးကွက်ဈေးနှုန်းအတိုင်း Super Market ၊ Mini Mart များအပါအဝင် ဈေးကွက်အတွင်း ဆီလျော်စွာ ရောင်းချနိုင်ရေး ကြပ်မတ် ဆောင်ရွက်ပေးနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

(ပုံ)

ထွန်းအုံ
ပြည်ထောင်စုဝန်ကြီး

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

ရုံးလက်ခံ/မျှော

Scanned with CamScanner

နောက်ဆက်တွဲ(က)

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## စားသုံးသူရေးရာဦးစီးဌာန

### ၂၀၂၄ ခုနှစ်၊ ဇွန်လအတွက် သင့်တင့်မျှတသော ဆန်ဈေးကွက်ဈေးနှုန်း (Reasonable Market Price) ထုတ်ပြန်ချက်

| စဉ် | ဆန်အုပ်စုနှင့် စက်ကြိတ်ခွဲမှု အမျိုးအစား | | (၁၀၈) ပေါင်/ (၄၄) ပြည် ဆန်တစ်အိတ် ဈေးနှုန်း သတ်မှတ်ချက် | |
|---|---|---|---|---|
| | | | မှ | အတွင်း |
| ၁ | ညှော်မထအုပ်စု | ၂၅ မှတ်ဆန် | ၇၀,၀၀၀ | ၇၂,၀၀၀ |
| | | ၁၅ မှတ်ဆန် | ၇၂,၀၀၀ | ၇၅,၀၀၀ |
| | | ၁၀-၅ မှတ်ဆန် | ၇၅,၀၀၀ | ၇၈,၀၀၀ |
| ၂ | ရက် ၉၀/ ပခန်း/ အညာသား/ အထူးညှော်မထအုပ်စုများ | ၁၀-၅ မှတ်ဆန် | ၈၅,၀၀၀ | ၉၀,၀၀၀ |
| ၃ | ရှောမင်း/ ရှောပဒေသာ (မြန်မာပြည်အထက်ပိုင်း) | ၁၀-၅ မှတ်ဆန် | ၉၅,၀၀၀ | ၁၀၀,၀၀၀ |
| ၄ | ရှောဝတီပေါ်ဆန်းများ | ၁၀-၅ မှတ်ဆန် | ၁၁၀,၀၀၀ | ၁၂၀,၀၀၀ |
| ၅ | အခြားပေါ်ဆန်းများ | ၁၀-၅ မှတ်ဆန် | ၁၀၀,၀၀၀ | ၁၁၀,၀၀၀ |
| ၆ | ရှောဝတီကြားပျံ (ဘေးကြား/ တောင်ပျံ) | ၁၀-၅ မှတ်ဆန် | ၁၂၀,၀၀၀ | ၁၃၀,၀၀၀ |
| ၇ | ရွှေဘိုပေါ်ဆန်း | ၁၀-၅ မှတ်ဆန် | ၁၃၅,၀၀၀ | ၁၄၅,၀၀၀ |

<u>သင့်တင့်မျှတသော ဈေးကွက်/ ဈေးနှုန်း</u>

(၁) စိုက်ပျိုးသူ တောင်သူများ၊ ဆန်စက်လုပ်ငန်းများ၊ ဘိုလှောင်ဖြန့်ဖြူးရောင်းချသူများနှင့် စားသုံးသူ ပြည်သူများ အတွက် သင့်တင့်မျှတသော ဆန်ဈေးနှုန်း ဖြစ်စေရန် ထည့်သွင်းစဉ်းစားမှု

(၂) ယခင်နှစ် ဈေးနှုန်းများ၊ နိုင်ငံတကာ ဈေးနှုန်းများ၊ ပြည်တွင်းဈေးကွက်ရှိ အခြားကုန်ဈေးနှုန်း များနှင့် ချင့်ချိန်ဆက်စပ် တွက်ချက်မှု

(၃) နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ညှော်မထ/ ပေါ်ဆန်း စပါးဈေးနှုန်းများမှာ ရည်ညွှန်းစပါးဈေးထက် ပိုမို မြင့်မားစွာဖြင့် ရောင်းဝယ်ကြသဖြင့် ဆန်ဈေးနှုန်းများမှာလည်း မူလရည်ညွှန်းဈေးနှုန်းများ ထက် ပိုမိုမြင့်တက်မှု အပေါ် ညှိနှိုင်းတွက်ချက်မှု

Scanned with CamScanner

<u>မှတ်ချက်</u>

(၁) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ ကုန်စည်ဒိုင်များ၏ အသင်းဝင်များ၊ ပြည်ပတင်ပို့သည့် Exporter များ၊ ဆန်စပါးကုမ္ပဏီများမှ (လက်ကားရောင်းဝယ်မှုအတွက်) လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

(၂) ဈေးကွက်အတွင်း ရောင်းချမှုများတွင် (၅%) မှ (၁၀%) အတွင်း ကွာဟမှု ရှိနိုင်ပါသည်။

(၃) Super Market များ၊ Mini Mart များတွင် Consumer Packaging ဖြင့် Modern Trade ရောင်းချမှုများအတွက် သီးခြားထုတ်ပြန်ထားသော ရည်ညွှန်းဈေးကို အသုံးပြုရမည်။

(၄) ၂၀၂၃ မိုးစပါးနှင့် နွေစပါးများမှ ထွက်ရှိသော ဆန်အသစ်များအတွက် ဖြစ်ပါသည်။

(၅) ဝယ်ယူရန် အခက်အခဲရှိပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ကုန်စည်ဒိုင်များသို့ ဆက်သွယ်ညှိနှိုင်းဝယ်ယူရန် မေတ္တာရပ်ခံအပ်ပါသည်။

CS Scanned with CamScanner

နောက်ဆက်တွဲ( ၁ )

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## စားသုံးသူရေးရာဦးစီးဌာန

## ၂၀၂၄ ခုနှစ်၊ ဇွန်လအတွက်
## ဈေးအရောင်းစင်တာ (Super Market, Mini Mart) များတွင်
## Consumer Packaging ဖြင့် ရောင်းချမှုများအတွက်
## သင့်တင့်မျှတသော ဆန်ဈေးကွက်ဈေးနှုန်း (Reasonable Market Price) ထုတ်ပြန်ချက်

| စဉ် | ဆန်အမျိုးအစား | အလေးချိန် | ဈေးနှုန်း (ကျပ်) | |
|---|---|---|---|---|
| | | | မှ | အတွင်း |
| ၁ | ရွှေဘိုပေါ်ဆန်း | 1 Kg | ၃၅၀၀ | ၃၈၀၀ |
| ၂ | ဧရာဝတီပေါ်ဆန်း | 1 Kg | ၃၀၀၀ | ၃၃၀၀ |
| ၃ | ရက် (၉၀)/ အထူးဧည့်မထ | 1 Kg | ၂၂၀၀ | ၂၅၀၀ |

မှတ်ချက်

(၁) 2 Kg၊ 5 Kg၊ 10 Kg၊ 12 Kg စသည့် အရွယ်အစားအမျိုးမျိုး ထုပ်ပိုး၍ ဈေးသတ်မှတ်ရောင်းချရာတွင် အထက်ပါ 1 Kg ဈေးနှုန်းများကို အခြေခံ၍ တွက်ချက်ရမည်။

(၂) အထက်ပါ ဆန်အမျိုးအစားများအတွက် 1 Kg ရည်ညွှန်းဈေးနှုန်းသည် 25 Kg အောက် ထုပ်ပိုးမှု အရွယ်အစားများ အတွက်သာ သက်ဆိုင်ပါသည်။

(၃) ကောက်ညှင်းဆန် ထုပ်ပိုးရောင်းချမှုဖြစ်ပါက ဆန်အရည်အသွေး၊ သန့်စင်မှု၊ အဟောင်း/အသစ်ပေါ် မူတည်ပြီး ကွဲပြားမှုရှိနိုင်သည့်အတွက် အထက်ပါ သင့်တင့်မျှတသော ရည်ညွှန်းဈေးများထက် မပိုသော ဈေးများအတွင်း ရောင်းချရမည်။

(၄) ဆန်အမျိုးအစား အသစ်များကို ထုပ်ပိုးရောင်းချရန် ရှိပါက လက်ကား ရည်ညွှန်းဈေးများနှင့် ကိုက်ညီရန် လိုအပ်ပြီး၊ ၎င်း လက်ကားရည်ညွှန်းဈေးအပေါ်တွင် အိတ်ခွံတန်ဖိုး၊ ဈေးအရောင်းဆိုင်သို့ ပေးရမည့် ၈%ထက် မပိုသော ဝန်ဆောင်စရိတ်၊ ၃% ထက် မပိုသော သယ်ယူ/ သိုလှောင်စရိတ်၊ ၄% ထက် မပိုသော ထုတ်လုပ်သူ အကျိုးအမြတ် တို့ဖြင့် တွက်ချက် ဆောင်ရွက်ရန် ဖြစ်ပါသည်။

(၅) အသေးစိတ် ညှိနှိုင်း/ မေးမြန်းလိုပါက စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ရုံးသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

Scanned with CamScanner